# NIPPN Group လူ့အခွင့်အရေးမူဝါဒ

<နိဒါန်း>

NIPPN Group သည် ကော်ပိုရိတ်အယူအဆကို အခြေခံ၍ လုပ်ငန်းဆောင်ရွက်မှုတစ်ခုလုံးတွင် လူသားအားလုံး၏ မွေးဖွားချိန်မှ အတူပါရှိလာသော ရှင်သန်မှုနှင့် လွတ်လပ်မှုကို သေချာစွာ ရရှိစေ၍ လူ့အဖွဲ့အစည်းတွင် ပျော်ရွှင်သောဘဝနေထိုင်ရန် မရှိမဖြစ်လိုအပ်သော လူသားတစ်ယောက်၏ဂုဏ်သိက္ခာကို အခြေခံသောလူ့အခွင့်အရေးကို လေးစားလိုက်နာသွားမည် ဖြစ်ပါသည်။ ဤမူဝါဒကို NIPPN Group အတွင်း လူ့အခွင့်အရေးနှင့် ပတ်သက်သော အဆင့်အမြင့်ဆုံး မူဝါဒအဖြစ် ထားရှိပါမည်။

<စာကိုယ်>

1. အခြေခံစဉ်းစားနည်း

NIPPN Group သည် နိုင်ငံတကာ လူ့အခွင့်အရေးစာချုပ်များ (ကမ္ဘာလုံးဆိုင်ရာလူ့အခွင့်အရေးကြေငြာချက်နှင့် နိုင်ငံတကာလူ့အခွင့်အရေးစာချုပ်) ဖြစ်သည့် “အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့ (ILO) ၏ အခြေခံစည်းမျဉ်းနှင့် အခွင့်အရေးဆိုင်ရာ ILO ကြေငြာချက်” စသည့် နိုင်ငံတကာလူ့အခွင့်အရေးစံနှုန်းများကို ထောက်ခံ၍ လိုက်နာပါမည်။ ထို့အပြင် ကုလသမဂ္ဂ၏ “စီးပွားရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ လမ်းညွှန်မူစည်းမျဉ်းများ” နှင့်အညီ လူ့အခွင့်အရေးကို လေးစားလိုက်နာရန် လုပ်ဆောင်ပါမည်။

NIPPN Group သည် လုပ်ငန်းလှုပ်ရှားမှုလုပ်နေသော နိုင်ငံနှင့် ဒေသတစ်ခုစီ၏ ဥပဒေနှင့်စည်းမျဉ်းများကို လေးစားလိုက်နာပါမည်။ နိုင်ငံတကာလူ့အခွင့်အရေးစံနှုန်းများနှင့် နိုင်ငံနှင့်ဒေသအသီးသီး၏ ဥပဒေနှင့်စည်းမျဉ်းများ ကွဲပြားပါက ပိုမိုမြင့်မားသောစံနှုန်းများကို လိုက်နာမည်ဖြစ်ပြီး သဘောထားကွဲလွဲပါကနိုင်ငံတကာမှ အသိအမှတ်ပြုထားသော လူ့အခွင့်အရေးများကို အကြီးမားဆုံး လေးစားလိုက်နာရန်နည်းလမ်းများကို ရှာဖွေပါမည်။

2. သက်ရောက်မှုအတိုင်းအတာ

ဤမူဝါဒသည် NIPPN Group ၏ အရာရှိနှင့်ဝန်ထမ်းများအားလုံးနှင့် သက်ဆိုင်ပါသည်။ ထို့ပြင် Supply Chain ရှိ NIPPN Group ၏ လုပ်ငန်းမိတ်ဖက်များအားလုံးကိုလည်း ဤမူဝါဒကို ထောက်ခံရန်နှင့် လူ့အခွင့်အရေးကိုလေးစားလိုက်နာရန်အတွက်ကြိုးပမ်းရန် လုပ်ဆောင်၍ အတူတကွ လူ့အခွင့်အရေးလေးစားမှုကို မြှင့်တင်မှု လုပ်ဆောင်ရန်လည်း တိုက်တွန်းပါမည်။

3. လူ့အခွင့်ရေးဆောင်ရွက်မှုစစ်ဆေးခြင်း

NIPPN Group သည် လူ့အခွင့်အရေးလေးစားလိုက်နာမှုတာဝန်ကို ကျေပွန်ရန်အတွက် လူ့အခွင့်ရေးဆောင်ရွက်မှုစစ်ဆေးခြင်းစနစ်တစ်ခုကို ထူထောင်၍ NIPPN Group ၏ လုပ်ငန်းလှုပ်ရှားမှုနှင့် ဆက်စပ်သော လူ့အခွင့်အရေးအပေါ် မကောင်းသောသက်ရောက်မှုကို ထုတ်ဖော်ရန်၊ တားဆီးရန်၊ လျှော့ပါးစေရန် အစဉ်မပြတ်ဆောင်ရွက်မှုကို ရှေ့တိုးဆောင်ရွက်သွားပါမည်။

4. ကူညီပံ့ပိုးခြင်း

NIPPN Group သည် လူ့အခွင့်အရေးအပေါ် မကောင်းသောသက်ရောက်မှုကို ဖြစ်စေခြင်း သို့မဟုတ် ပံ့ပိုးပေးခဲ့ခြင်း ဖြစ်စေခဲ့လျှင် ထိုအတွက် ပြန်လည်ကုစားရန်လုပ်ဆောင်ခြင်း၊ ကူညီပံ့ပိုးခြင်းများကို ကြိုးပမ်းဆောင်ရွက်ပါမည်။ ထို့အပြင် NIPPN Group ၏ လုပ်ငန်းလှုပ်ရှားမှု၊ ထုတ်ကုန်များ နှင့် ဝန်ဆောင်မှုများသည် လုပ်ငန်းမိတ်ဖက်ဆောင်ရွက်မှုမှ လူ့အခွင့်အရေးအပေါ် မကောင်းသောသက်ရောက်မှုနှင့် တိုက်ရိုက်ဆက်စပ်မှုရှိနေလျှင် မိတ်ဖက်လုပ်ငန်းများထံ လူ့အခွင့်အရေးအပေါ် မကောင်းသောသက်ရောက်မှုကို ကြိုတင်ကာကွယ်ရန်၊ လျှော့ချရန် ကြိုးပမ်းဆောင်ရွက်သွားပါမည်။

5. သင်ကြားခြင်း

NIPPN Group သည် ဤမူဝါဒနှင့်အညီ လုပ်ငန်းလုပ်ရှားမှုများကို လုပ်ဆောင်စေရန် အရာရှိနှင့်ဝန်ထမ်းများအားလုံးအား သင့်လျော်သော သင်ကြားမှုနှင့်လေ့ကျင့်မှုများကို လုပ်ဆောင်ပါမည်။

6. တွေ့ဆုံဆွေးနွေးခြင်း

NIPPN Group သည် လူ့အခွင့်အရေး လေးစားလိုက်နာရန် ကြိုးပမ်းအားထုတ်မှုများကို ရှေ့တိုးလုပ်ဆောင်ရာတွင် သက်ဆိုင်သူများနှင့် တွေ့ဆုံဆွေးနွေးခြင်း၊ ညှိနှိုင်းခြင်းများ ပြုလုပ်ပါမည်။

7. သတင်းအချက်အလက်ထုတ်ဖော်ခြင်း

NIPPN Group သည် ဤမူဝါဒအပေါ် အခြေခံ၍ လူ့အခွင့်အရေး လေးစားလိုက်နာရန် ကြိုးပမ်းအားထုတ်မှုများကို ဝက်ဘ်ဆိုက်စသည်တို့တွင် အချိန်နှင့်တပြေးညီ သင့်လျော်စွာ ဖော်ပြပါမည်။

8. စနစ်

ဤမူဝါဒကို အကောင်အထည်ဖော်ရန်အတွက် စနစ်တစ်ခု ထူထောင်ပါမည်။ ထို့ပြင် ဒါရိုက်တာဘုတ်အဖွဲ့သည် ဤမူဝါဒကို အကောင်အထည်ဖော်မှုနှင့် လေးစားလိုက်နာမှုကို ကြီးကြပ်ပါမည်။

9. လူ့အခွင့်အရေးဆိုင်ရာပြဿနာများ

NIPPN Group အဖွဲ့မှ ကြိုးပမ်းလုပ်ဆောင်မည့် လူ့အခွင့်အရေးဆိုင်ရာ ပြဿနာများအတွက် ဆောင်ရွက်မှုလမ်းစဉ်ကို နောက်ဆက်တွဲတွင် ဖော်ပြပါမည်။ နောက်ဆက်တွဲတွင်ဖော်ပြထားသည့် လူ့အခွင့်အရေးဆိုင်ရာပြဿနာများကို NIPPN Group ၏ လုပ်ငန်းလုပ်ရှားမှု၊ ဥပဒေနှင့် စည်းမျဉ်းများပါဝင်သည့် လူ့အဖွဲ့အစည်းအတွင်း အပြောင်းအလဲများအပေါ်အခြေခံ၍ သင့်လျော်သောပြန်လည်သုံးသပ်မှုများကို ပြုလုပ်ပါမည်။

၂၀၂၅ ခုနှစ် မေလ ၂၃ ရက် တွင် ပြဋ္ဌာန်းသည်

NIPPN Corporation

ဥက္ကဋ္ဌ CEO

Toshiya Maezuru

NIPPN Group လူ့အခွင့်အရေးမူဝါဒနောက်ဆက်တွဲ

ဤနောက်ဆက်တွဲတွင် NIPPN Group ၏ လူ့အခွင့်အရေးဆိုင်ရာပြဿနာများအပေါ် ကြိုးပမ်းဆောင်ရွက်မှုလမ်းစဉ်ကို ဖော်ပြထားပါသည်။
နောက်ဆက်တွဲတွင်ဖော်ပြထားသော လူ့အခွင့်အရေးဆိုင်ရာပြဿနာများကို NIPPN Group ၏ လုပ်ငန်းနှင့် ဥပဒေနှင့် စည်းမျဉ်းများပါဝင်သည့် လူ့အဖွဲ့အစည်းအတွင်း အပြောင်းအလဲများအပေါ်အခြေခံ၍ သင့်လျော်သောပြန်လည်သုံးသပ်မှုများကို ပြုလုပ်ပါမည်။

（1） အတင်းအကျပ်ခိုင်းစေခြင်း၊ ကလေးအလုပ်သမား

လုပ်ငန်းလုပ်ရှားမှုဆောင်ရွက်နေသော နိုင်ငံ၊ ဒေသအားလုံးတွင် မည်သည့်ပုံစံနှင့်မဆို လူကုန်ကူးမှု၊ အတင်းအကျပ်ခိုင်းစေမှု၊ ကျွန်အလုပ်သမား သို့မဟုတ် ကလေးအလုပ်သမားများကို လုံးဝ အသိအမှတ်မပြုပါ။

（2） ခွဲခြားဆက်ဆံမှု

အခြေခံလူ့အခွင့်အရေးကို လေးစားလိုက်နာ၍ လူမျိုး၊ အသားအရောင်၊ ဘာသာရေး၊ နိုင်ငံရေးအမြင်၊ လိင်၊ လိင်ခံယူချက်၊ လိင်စိတ်တိမ်းညွတ်မှု၊ အသက်အရွယ်၊ အမျိုးသားဇာတိ၊ လူမှုရေးဇစ်မြစ်၊ မသန်စွမ်းမှုရှိမရှိစသည့် အကြောင်းအရင်းများအပေါ် ခွဲခြားဆက်ဆံခြင်းကို တားမြစ်ပါသည်။
ထို့အပြင် မည်သည့်ပုံစံဖြင့်မဆို နှောင့်ယှက်မှုကို လုံးဝ အသိအမှတ်မပြုပါ။

（3） အသင်းအဖွဲ့ဖွဲ့စည်းခွင့်နှင့်စုပေါင်းညှိနှိုင်းပိုင်ခွင့်

လုပ်ငန်းလုပ်ရှားမှုဆောင်ရွက်နေသော နိုင်ငံ၊ ဒေသအားလုံးရှိ အလုပ်သမားဆိုင်ရာ ဥပဒေနှင့်ကျင့်ထုံးများကို လေးစားလိုက်နာခြင်းနှင့်အတူ အလုပ်သမားများ၏ အဖွဲ့ဖွဲ့စည်းခွင့်၊ အဖွဲ့လိုက် စုပေါင်းညှိနှိုင်းပိုင်ခွင့်ကဲ့သို့သော အခြေခံအလုပ်သမားအခွင့်အရေးများကို လေးစားလိုက်နာကာ အလုပ်သမားတစ်ဦးစီနှင့် ကျန်းမာသော အလုပ်သမားစီမံခန့်ခွဲမှုဆက်ဆံရေးကို တည်ဆောက်ပါမည်။

（4） လုပ်ငန်းခွင်ဘေးကင်းရေးနှင့်ကျန်းမာရေး

လုပ်ငန်းလုပ်ရှားမှုဆောင်ရွက်နေသော နိုင်ငံ၊ ဒေသအားလုံးရှိ အလုပ်သမားဆိုင်ရာ ဥပဒေနှင့်စည်းမျဉ်းများကို အခြေခံကာ၊လုပ်ငန်းခွင်ထိခိုက်မှုများကို ကာကွယ်ရန်နှင့် ဘေးကင်း၍ သန့်ရှင်းမှုရှိသော လုပ်ငန်းခွင်ပတ်ဝန်းကျင်ကို ဖန်တီးရန်နှင့် ထိန်းသိမ်းမှု မြှင့်တင်ရန် ကြိုးပမ်းဆောင်ရွက်ပါမည်။

（5） မျှတသောလုပ်အားခနှင့်သင့်လျော်သောအလုပ်ချိန်

လုပ်ငန်းလုပ်ရှားမှုဆောင်ရွက်နေသော နိုင်ငံ၊ ဒေသအားလုံးရှိ အလုပ်သမားဆိုင်ရာ ဥပဒေနှင့်စည်းမျဉ်းများကို အခြေခံကာ အနိမ့်ဆုံးလုပ်အားခနှင့်အထက်ရှိသော မျှတသောလုပ်အားခကို ပေးချေ၍ သင့်လျော်သောအလုပ်ချိန်စီမံမှုကို လုပ်ဆောင်ပါမည်။

(6) မတူကွဲပြားမှုကိုလေးစားခြင်းနှင့် လုပ်ကိုင်ရလွယ်ကူသော လုပ်ငန်းခွင်ပတ်ဝန်းကျင်ဖန်တီးခြင်း

DE&I ကြွယ်ဝသော လုပ်ငန်းခွင်တစ်ခု ဖန်တီးရန်ကြိုးပမ်း၍ မတူကွဲပြားသောတန်ဖိုးအမြင်များနှင့် တစ်ဦးချင်းအကျင့်စရိုက်များကို အပြန်အလှန် အသိအမှတ်ပြုကာ ဝန်ထမ်းတစ်ဦးချင်းမှ ထိုစွမ်းဆောင်ရည်ကို အမြင့်ဆုံးထုတ်ပြီး မိမိကိုယ်တိုင်တိုးတက်မှုနှင့် မိမိကိုယ်တိုင် လက်တွေ့အသုံးချမှုကို လက်တွေ့ခံစားရစေသော လုပ်ကိုင်ရလွယ်ကူသောလုပ်ငန်းပတ်ဝန်းကျင်ကို ဦးတည်ပါမည်။

(7) တာဝန်ယူမှုရှိသောဈေးကွက်ဆက်သွယ်ရေး

ကြွားဝါခြင်း၊ ချဲ့ကားခြင်းစသည့် လက်တွေ့နှင့်ကွဲပြားသောဖော်ပြမှုများနှင့် ခွဲခြားဆက်ဆံသောဖော်ပြမှုများ၊ ကလေးများအပေါ် အပျက်သဘောသက်ရောက်မှုရှိသော ဈေးကွက်ဆက်သွယ်ရေးများကို တားမြစ်ပါသည်။

(8) စားသုံးသူဘေးကင်းရေး

အရည်အသွေးထိန်းချုပ်မှု၊ ထုတ်ကုန်ဘေးကင်းရေးနှင့် နားလည်ရလွယ်ကူသောဖော်ပြချက်များဖန်တီးရန် ကြိုးပမ်း၍ သုံးစွဲသူများ၏ ဘေးကင်းမှု၊ လုံခြုံမှုနှင့် ကျန်းမာရေးကို ကာကွယ်ပါမည်။

(9) ကိုယ်ရေးကိုယ်တာအချက်အလက်များကိုထိန်းသိမ်းကာကွယ်ခြင်း

လုပ်ငန်းလှုပ်ရှားမှုဆောင်ရွက်နေသော နိုင်ငံ၊ ဒေသအားလုံးရှိ အလုပ်သမားဆိုင်ရာ ဥပဒေနှင့်စည်းမျဉ်းများကို အခြေခံကာ သတင်းအချက်အလက် ထိန်းသိမ်းကာကွယ်ရေးနှင့်ဆက်စပ်သောဥပဒေများနှင့် သက်ဆိုင်သောဥပဒေစည်းမျဉ်းများကို လေးစားလိုက်နာပြီး ကိုယ်ရေးကိုယ်တာအချက်အလက်များကို သင့်လျော်စွာ ကိုင်တွယ်ရန် ကြိုးပမ်းပါမည်။

(10) သက်ဆိုင်သူအသီးသီးနှင့်အတူယှဉ်တွဲနေထိုင်ခြင်း

Supply Chain တစ်ခုလုံးနှင့်ပတ်သက်သော သက်ဆိုင်သူအားလုံး၏ လူ့အခွင့်အရေးကို လေးစားလိုက်နာပါမည်။ ထို့ပြင် လုပ်ငန်းဆောင်ရွက်သောဒေသလူ့အဖွဲ့အစည်းနှင့်အတူသဟဇာတဖြစ်အောင် ကြိုးပမ်းဆောင်ရွက်၍ လုပ်ငန်းဆောင်ရွက်သောဒေသခံပြည်သူများ၏ ကျန်းမာရေး၊ မြေယာအခွင့်အရေးနှင့် ရေရရှိမှုများအပေါ် မကောင်းသောသက်ရောက်မှုများမဖြစ်ရန် ကာကွယ်ခြင်း သို့မဟုတ် လျော့ပါးစေရန် လိုအပ်သောအစီအမံများကို ဆောင်ရွက်ပါမည်။

၂၀၂၅ ခုနှစ် မေလ ၂၃ ရက် တွင် ပြဋ္ဌာန်းသည်